ဤနေရာတွင် ပြောရန်ရှိလာသည်မှာ **The Return of the Young Prince** စာအုပ်သည် ၁၉၄၃ ခုနှစ်က ထုတ်ဝေခဲ့သော **The Little Prince** ၏ အဆက်မဟုတ်ပေ။ ဆရာ မြသန်းတင့် ရေးသားခဲ့သော **ကျွန်တော် ဆက်၍ ရေးချင်သောဝတ္ထုများ** ဆိုသကဲ့သို့ **The Little Prince** ၏ ဇာတ်ကောင်ကို ဆက်လက်သယ်ဆောင်ကာ **A.G Roemmers** က သီးခြားဝတ္ထုတစ်ပုဒ် ရေးဖွဲ့ထားခြင်းသာ ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ပထမဆုံးအကြိမ်ဖြစ် ထုတ်ဝေခဲ့သည်။ **The Little Prince** ၏ အရှိန်အဟုန်ကြီးမားမှု ဟူ၍လည်း သုံးသပ်နိုင်ပါသည်။

**မင်းသားလေး ပြန်လာပြီ** သည် မူရင်းဝတ္ထုမှ ဂြိုဟ်တစ်ခုပေါ်တွင် နေထိုင်သော မင်းသားကလေးတစ်ပါး စကြဝဠာအတွင်းရှိ ဂြိုဟ်ကမ္ဘာများသို့ မကြာခဏ သွားရောက်လည်ပတ်ရာ ကမ္ဘာမြေသို့လည်း ရောက်ရှိလာသည့် အခိုက်အတန့်ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ လူသားများအနေဖြင့် မိတ်ဆွေချင်း စောင့်စည်းအပ်သောဝတ္တရား၊ မိသားစုနှင့် လူ့အဖွဲ့အစည်းတို့ကြားမှ စောင့်စည်းအပ်သောဝတ္တရားတို့ကို ဖော်ကျူးထားခြင်းဖြစ်သည်။ ချစ်ခြင်းမေတ္တာ၏ ဆန်းကြယ်မှုကိုလည်း ဤဝတ္ထု၌ ဖော်ကျူးထားသည်ကို တွေ့ရမည်ဖြစ်သည်။

■

လေးစားစွာဖြင့်



ဝင်းငြိမ်း